# သဘောထားထုတ်ပြန်ကြေငြာချက်

ကြေငြာချက်အမှတ် (၁/၂၀၂၁)

ရက်စွဲ။ ၂၀၂၁ခုနှစ်၊ ဇူလိုင်(၉) ရက်

၁။ အကြမ်းဖက်စစ်ကောင်စီ၏ ဖမ်းဆီးနှိပ်စက်သတ်ဖြတ်မှုများကို ခုခံကာကွယ်ရန်အတွက် Chinland Defense Force ကို ၂၀၂၁ ခုနှစ်၊ ဧပြီလ (၄) ရက်နေ့တွင် ဖွဲ့စည်းခဲ့ပြီးဖြစ်ပါသည်။ မိမိတို့ဒေသအနေဖြင့် မိမိကိုယ်ကိုခုခံ ကာကွယ်ခြင်းကို ဧပြီလကတည်းက စတင်ဆောင်ရွက်ခဲ့ပါသည်။

၂။ ကလေး-ကဘော်-ဂန့်ဂေါဒေသအတွင်းရှိ တော်လှန်ရေးရဲဘော်ရဲဘက်များနှင့် ဆွေးနွေးမှုများပြုလုပ်ပြီးနောက် Chinland Defense Force—Kalay Kabaw Gangaw (CDF-KKG) ကို ၂၀၂၁ခုနှစ်၊ ဇူလိုင်လ(၁)ရက်နေ့တွင် ဖွဲ့စည်းလိုက်သည်။

၃။ CDF-KKG သည် အာဏာရှင်စနစ်ဖျက်သိမ်းရေး၊ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ပြည်သူ့လက်ဝယ်ပြန်လည်ထားရှိရေး၊ အရပ်သားအုပ်ချုပ်ကွပ်ကဲမှု(Civilian Supremacy) ဖော်ဆောင်ရေး၊ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်နှင့် အမျိုးသားတန်းတူရေး အာမခံချက်ရှိသည့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးအတွက် တိုက်ပွဲဝင်သွားပါမည်။

၄။ CDF-KKG သည် ချင်းအမျိုးသားတပ်ဦး (CNF) ၏ လမ်းညွှန်မှုကို ခံယူ၍ ချင်းအမျိုးသားတပ်မတော် (CNA)၏ ကြီးကြပ်ကွပ်ကဲမှုအောက်တွင် ဒေသအသီးသီးရှိ CDF တပ်ဖွဲ့များနှင့်အတူ တိုက်ပွဲဝင်မည်။

၅။ CDF-KKG သည် အမျိုးသားညီညွတ်ရေးအစိုးရ (NUG) မှဖွဲ့စည်းထူထောင်သည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (PDF) နှင့် ပူးတွဲ၍ ခုခံကာကွယ်တိုက်ခိုက်မှုများ ပြုလုပ်သွားမည်။

ပြည်သူ့တော်လှန်ရေး အောင်ရမည်။

Chinland Defense Force—KKG

Media Contact— +918731058986